## ဟိုတယ်/ တည်းခိုရိပ်သာ အဆောက်အဦ လုပ်ငန်းလိုင်စင်လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ လျှောက်ထားသူ ကာယကံရှင်မှ ဟိုတယ်/ တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်လျှောက်ထားခြင်းလျှောက်လွှာပုံစံ (Proposal)

(ခ) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်လျှောက်လွှာ။

(ဂ) အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဃ) သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်။

(င) သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်။

(စ) မီးသတ်ဦးစီးဌာန၏ စစ်ဆေးထောက်ခံချက်။

(ဆ) ဒေသန္တရ ကျန်းမာရေးဦးစီးဌာန၏ စစ်ဆေးထောက်ခံချက်။

(ဇ) ဟိုတယ်အဆောက်အဦနှင့်သက်ဆိုင်သည့် မှတ်တမ်းဓါတ်ပုံများ။

(ဈ) ဘေးပတ်ဝန်းကျင်နေအိမ်များ၏ သဘောတူညီကြောင်းထောက်ခံချက်။

(ည) မြေပိုင်ဆိုင်မှု အထောက်အထားတင်ပြချက်များ။

မှတ်ချက်။ ကုမ္ပဏီပိုင်လုပ်ငန်းဖြစ်ပါက အထက်ပါအချက်များအပြင် သက်တမ်းရှိသည့် ကုမ္ပဏီ မှတ်ပုံတင်မိတ္တူ၊ ဒါရိုက်တာအဖွဲ့ဝင်စာရင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ပုံစံ (၆/၂၆)မိတ္တူ၊ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းများ။

၂။ ဟိုတယ်/ တည်းခိုရိပ်သာ အဆောက်အဦများ တည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှုတို့ အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူ၍ လျှောက်လွှာတစ်စောင်

(ခ) ဤဝန်ကြီးဌာနမှ တည်ဆောက်ခွင့်ဆိုင်ရာသတ်မှတ် (Proposal) ပုံစံ

(ဂ) တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်။

(ဃ) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်။

(င) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်။

(စ) သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်။

(ဆ) မြေပိုင်ဆိုင်မှု အထောက်အထား (ဂရမ်၊ မြေပုံ၊ စာချုပ်စာတမ်းမိတ္တူ)

(ဇ) ဆောက်လုပ်မည့်အဆောက်အဦပုံစံ (Drawing Plan, Estimate)

(ဈ) ဆောက်လုပ်ပြီးပါက အခန်းတိုင်း၏ ဓါတ်ပုံ။

(ည) ရပ်ကွက် ထောက်ခံချက်။

(ဋ) သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ထောက်ခံချက်။

(ဌ) သက်ဆိုင်ရာဒေသ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ထောက်ခံချက်။

(ဍ) မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်။

(ဎ) သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်။

(ဏ) မတည်ရင်းနှီးငွေသည် ငွေဖြူဖြစ်ကြောင်း ထောက်ခံချက်။

(တ) ကမ်းခြေဒေသများအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ထ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်။

(ဒ) လေယာဉ်ကွင်းအနီးတွင်တည်ရှိပါက သက်ဆိုင်ရာလေကြောင်းပို့ဆောင်ရေး ဦးစီးဌာန၏ ထောက်ခံချက်။

(ဓ) ကမ်းခြေဒေသများအတွက် မြေယာအရှုပ်အရှင်းကင်းရှင်းကြောင်း မြို့လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ထောက်ခံချက်။

(န) အခန်း(၇၀)နှင့်အထက်ကျော်လွန်ပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ထောက်ခံချက်။

(ပ) အဆောက်အဦဆောက်လုပ်မှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်၏ ဝန်ခံကတိပြုချက်။

(ဖ) အဆောက်အဦဆောက်လုပ်မည့် တာဝန်ခံအင်ဂျင်နီယာ၏ ဝန်ခံကတိပြုချက်။

မှတ်ချက်။ ဥယျာဉ်မြေ၊ ယာမြေ၊ လယ်မြေများတွင် ဟိုတယ်တည်ဆောက်ခြင်းအား ခွင့်မပြုနိုင်ပါ။ မြို့မြေ၊ ရွာမြေ၊ လန (၃၉)ကျပြီး (လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လယ(၃၀–က)/ လယ(၃၀–ခ)ရရှိပြီး မြေအမျိုးအစားများတွင်သာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) လုပ်ငန်းရှင်၏ တင်ပြလျှောက်ထားလွှာ။

(ခ) အုပ်ချုပ်မှုဒါရိုက်တာ ကာလာဓါတ်ပုံ(၃)ပုံ။ (လွန်ခဲ့သော(၆)လအတွင်း ရိုက်ကူးထား သော ၁.၄” × ၁.၉” အရွယ်အစားဖြင့် အမျိုးသားဝတ်စုံ(သို့) အနောက် တိုင်းဝတ်စုံ ကို စနစ်တကျ ဝတ်ဆင်ရိုက်ကူးထားသည့်ပုံ)

(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ။

(ဃ) ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ တင်ပြထားသောပုံစံ (၆/၂၆) မိတ္တူ။

(င) ကုမ္ပဏီအမည်ဖြင့်ဘဏ်တစ်ခုခုတွင်ကျပ်ငွေအနည်းဆုံး(၃)သိန်းပေးသွင်းထားကြောင်း ဘဏ်မှထုတ်ပေးသည့် အထောက်အထား။

(စ) ဦးစီးဌာန၏ လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

(ဆ) ကုမ္ပဏီဝန်ထမ်း အင်အားစာရင်း။

(ဇ) ဆောင်ရွက်မည့်ခရီးစဉ်များနှင့်ဈေးနှုန်းများ။ (Tour Conditions)

(ဈ) ခရီးသွားလုပ်ငန်း ရည်ရွယ်ချက်ပါသော အသင်းအဖွဲ့မှတ်တမ်း၊ အသင်းအဖွဲ့စည်းမျဉ်း စာအုပ်မူရင်း(၁)အုပ်။

(ည) ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ၏ မှတ်ပုံတင်မိတ္တူနှင့်ကိုယ်ရေးရာဇဝင် အချက်အလက်များ။

(ဋ) ဒရိုက်တာအားလုံး၏ မှတ်ပုံတင်မိတ္တူ။

(ဌ) လုပ်ငန်းလိုင်စင်ခွင့်ပြုပြီးနောက် ဌာနမှ လိုက်လံစစ်ဆေးသည့်အခါ ကုမ္ပဏီအနေဖြင့် ရုံးခန်းစနစ်တကျမရှိခြင်း၊ တာဝန်ခံဆောင်ရွက်မည့်ဝန်ထမ်းမရှိခြင်း လုပ်ငန်း အမှန်တကယ် မဆောင်ရွက်ခြင်းကဲ့သို့သော ချို့ယွင်းအားနည်းချက်များတွေ့ရှိက လုပ်ငန်းလိုင်စင်ကို ပြန်လည်ရုတ်သိမ်းခံရမည်ကို လုပ်ငန်းရှင်အနေဖြင့် သိရှိလိုက်နာမည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

၄။ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) ဦးစီးဌာန၏ လျှောက်လွှာပုံစံ။

(ခ) မော်တော်ယာဉ် (သို့) ရေယာဉ်လုပ်ငန်းလိုင်စင် မိတ္တူ။

(ဂ) လုပ်ငန်းရှင်၏ ကာလာဓါတ်ပုံ (၂)ပုံ။

(ဃ) မော်တော်ယာဉ် (သို့) ရေယာဉ်၏ အရှေ့၊ အနောက်၊ ဘေး (ဝဲ၊ ယာ) တို့မှ ရိုက်ကူးထားသော ကာလာဓါတ်ပုံ(၃)ပုံ။

(င) လိုင်စင်ရခရီးလှည့်လည်ရေးကုမ္ပဏီ(သို့) ကုမ္ပဏီ၏ လုပ်ငန်းလိုင်စင်မိတ္တူ။

(စ) ခရီးစဉ်နှင့် ဈေးနှုန်းများ။

(ဆ) ပို့ဆောင်ဆက်သွယ်ရေး စီမံကိန်းဦးစီးဌာနမှ ထုတ်ပေးသည့်(ဃ/အခြား) လုပ်ငန်းလိုင်စင်မိတ္တူ။

၅။ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ လုပ်ငန်းလိုင်စင်ဆိုင်ရာ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကာယယံရှင်မှ လျှောက်ထားလာသော လျှောက်လွှာများကို မိမိဝန်ကြီးဌာန၏ လိုင်စင်ဆိုင်ရာ သတ်မှတ်အချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ / မရှိ စစ်ဆေးပြီး အမှုတွဲ ဖွင့်လှစ်ရပါမည်။

(ခ) လျှောက်ထားရာတွင် ပါဝင်ရမည့် စာရွက်စာတမ်းများ၊ ဓါတ်ပုံမှတ်တမ်းများ၊ အထောက်အထားများစုံလင်မှု ရှိ/ မရှိ စိစစ်၍ ပြည့်စုံမှန်ကန်မှုရှိသာ အမှုတွဲများအား စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခွင့်ပြုချက်တင်ပြတောင်းခံပေးခြင်း။

(ဂ) စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခွင့်ပြုချက် တင်ပြတောင်းခံပေးခြင်း။

(ဃ) ကယားပြည်နယ်အစိုးရအဖွဲ့သို့ ခွင့်ပြုချက်တင်ပြတောင်းခံပေးခြင်း။

(င) ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုချက်ရယူနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် သက်ဆိုင်ရာဆောင်ရွက်မည့်လုပ်ငန်းများ၏ အထောက်အထားများ၊ ခွင့်ပြုချက်များ၊ မှတ်တမ်းဓါတ်ပုံများ၊ စိစစ်သုံးသပ်ချက် အစီရင်ခံစာများအား Power Point ရှင်းလင်း၍ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း။

(စ) ကယားပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအဖွဲ့များ၏ ခွင့်ပြုချက်များ ပြည့်စုံမှုရှိမှသာ လုပ်ငန်းရှင်များ၏ တင်ပြလျှောက်ထားလာမှု အပေါ် မိမိဝန်ကြီး ဌာနသို့ စိစစ်တင်ပြပေးခြင်း။

၆။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏လုပ်ငန်းလိုင်စင်ဆိုင်ရာ စိစစ်ခွင့်ပြုခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ပြသည့် မြေတည်နေရာ၊ ပတ်ဝန်းကျင်အနေအထားများအရ လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်မှု ရှိ / မရှိကို သက်ဆိုင်ရာ ဒေသရှိ ဟိုတယ်နှင့်ခရီးသွားလာညွှန်ကြားမှု ဦးစီးဌာနတိုင်းတာဝန်ခံမှ ဦးဆောင်၍ အဖွဲ့ဖြင့် ကွင်းဆင်းစိစစ်တင်ပြ၍ ခွင့်ပြုချက် တင်ပြတောင်းခံခြင်း။

(ခ) စစ်ဆေးရေးအဖွဲ့၏ မြေပြင်စိစစ်တွေ့ရှိချက်၊ အကြံပြုတင်ပြချက်များအပေါ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ပြည်ထောင်စု

ဝန်ကြီးဌာန အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် လုပ်ငန်းလိုင်စင်များ အား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း။

၇။ လုပ်ငန်းလိုင်စင်လျှောက်ထားရာ၌ထုတ်ပေးရန် ကာလကန့်သတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ ရုံးခွဲတာဝန်ခံများအား အဖွဲ့ဖြင့် ကွင်းဆင်းစိစစ်တင်ပြစေခြင်း။

(ခ) ကွင်းဆင်းစိစစ်တွေ့ရှိချက် အစီရင်ခံစာများအား တင်ပြသည့်နေ့ရက်မှစ၍ (၁၄)ရက် အတွင်းဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ပြည်ထောင် စုဝန်ကြီးဌာန အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ခံယူခြင်းနှင့် သတ်မှတ်စည်းကမ်းချက်များ ပြည့်စုံမှန်ကန်မှုရှိပါက လုပ်ငန်းလိုင်စင်ခွင့်ပြုပေးခြင်း။

မှတ်ချက်။ မြေယာပိုင်ဆိုင်မှုအရှုပ်အရှင်းများ၊ သက်ဆိုင်ရာဌာနများ၏ သဘောထားများ၊ စာရွက် စာတမ်းများ စုံလင်မှုမရှိခြင်းနှင့် လိုအပ်ချက်များရှိပါက ပြန်လည်စိစစ်ချိန် ထပ်မံကြာမြင့် မည်ဖြစ်ပါသည်။

၈။ ဟိုတယ်/ တည်းခိုရိပ်သာများ ကြီးကြပ်မှုအပိုင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဟိုတယ်လုပ်ငန်းဆောင်ရွက်လိုသူများသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

(ခ) ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်ခွင့်ပြုချက်ရရှိပြီးသူများအနေဖြင့် လိုင်စင်များကို တဆင့်လွှဲပြောင်းခြင်း၊ လက်ခံရယူခြင်းမပြုရ။

(ဂ) လုပ်ငန်းလိုင်စင်တွင် ခွင့်ပြုထားသည့် လုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်ရမည်။

(ဃ) တည်းခိုရိပ်သာလိုင်စင်ဖြင့် ဟိုတယ်ဆိုင်းဘုတ် ပြောင်းလဲတပ်ဆင်ခြင်းအား ခွင့်မပြုပါ။

(င) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တည်းခိုခန်းလုပ်ငန်းလိုင်စင်ဖြင့် နိုင်ငံခြား သားဧည့်သည်များအား လက်ခံတည်းခိုခွင့်မပြုရ။

(စ) မည်သူမဆိုပုဒ်မ (၂၃)ပါ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၃)နှစ် အထိဖြစ်စေ၊ ဒဏ်ငွေကျပ် (၅၀၀၀၀၀)အထိဖြစ်စေ၊ ပြစ်ဒဏ်(၂)ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ဆ) လုပ်ငန်းလိုင်စင်လျှောက်ထားသူများအနေဖြင့် လုပ်ငန်းလိုင်စင်သက်တမ်းမှာ ထုတ်ပေး သည့်နေ့မှစ၍ (၂)နှစ်ဖြစ်ပါသည်။

(ဇ) လုပ်ငန်းဆောင်ရွက်ရန် တင်ပြလျှောက်ထားလိုသူများသည် မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ လုပ်ငန်းရှင်အမည်ပေါက် မြေဂရမ်မိတ္တူ(သို့) ရောင်းဝယ်မှုပြုထားလျှင် အခွန် တံဆိပ်ခေါင်းဖြင့် မှတ်ပုံတင်ထားသည့် တရားဝင်စာချုပ် စာတမ်းမိတ္တူ(သို့) ငှားရမ်း မှုပြုထားလျှင် အခွန်တံဆိပ်ခေါင်းဖြင့် မှတ်ပုံတင်ထားသည့်စာချုပ်စာတမ်း မိတ္တူတင်ပြရန်။

(ဈ) Special Power နှင့် General Power များဖြင့် မြေပိုင်ဆိုင်မှုတင်ပြခြင်းကို လက်ခံအတည်ပြုခြင်းမပြုပါ။

(ည) မူလလုပ်ငန်းလိုင်စင်ခွင့်ပြုချက်ရရှိထားပြီး အဆောက်အဦဟောင်းနှင့် တိုးချဲ့အဆောက်အဦသစ်များရှိ အခန်းများအားလုံး ဟိုတယ်အဆင့်ပြည့်မီမှု ရှိမှသာ လုပ်ငန်းလိုင်စင်တွင် အခန်းတိုးဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

(ဋ) အဆောက်အဦ တစ်ခုတည်း(သို့) မြေရေိယာတစ်ခုတည်းတွင် ဦးစီးဌာနမှ ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်နှင့် စည်ပင်သာယာရေးအဖွဲ့/ အခြားအဖွဲ့အစည်းများမှ ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်များတွဲဖက်၍ ဆောင်ရွက်မည်ဆိုပါက ရှုပ်ထွေးမှုများ ရှိနိုင်သဖြင့် ဤဝန်ကြီးဌာန၏ လုပ်ငန်းလိုင်စင်အား ခွင့်ပြုမည်မဟုတ်ပါ။

(ဌ) အဆောက်အဦမျက်နှာစာအကျယ်မှာ ဟိုတယ်အဆင့်နှင့် လျော်ညီသော သင့်တော်မှုရှိသည့် အကျယ်အဝန်းရှိရန် လိုအပ်ပြီး ဟိုတယ်အဆင့်သတ်မှတ်ချက် ပြည့်မီမှုမရှိပါက အခန်းအရေအတွက် မည်မျှပင်ရှိစေကာမူ တည်းခိုရိပ်သာအဖြစ်သာ ခွင့်ပြုမည်ဖြစ်ပါသည်။

(ဍ) ဟိုတယ်လုပ်ငန်းလိုင်စင်အတွက် အစည်းအဝေးခန်းမ၊ စားသောက်ခန်း၊ စားဖိုဆောင်များ မဖြစ်အနေပေါ်ရှိရမည်။ တည်းခိုရိပ်သာဖြစ်ပါက အဆိုပါသတ်မှတ်ချက်များ မပါရှိသော်လည်း လုပ်ငန်းလိုင်စင် ခွင့်ပြုနိုင်သည်။

(ဎ) အိပ်ခန်းအရေအတွက်နှင့် ညီမျှသော ဝန်ထမ်းအရေအတွက်ရှိရမည်ဖြစ်ပြီး ဝန်ထမ်းများ အားလုံးသည်ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများအား (၁၀၀)ရာနှုန်း တက်ရောက်ပြီးစီးသူများဖြစ်ရမည်။

(ဏ) အဆောက်အဦအတွင်း CCTV , Internet, Wi-Fi စနစ် တပ်ဆင်ထား ရှိရမည်။

(တ) ကမ်းခြေဒေသတွင် တည်ဆောက်မည်ဆိုပါက ဤဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကမ်းခြေရေရှည်တည်တံ့ခိုင်မြဲရေး အမိန့်ကြော်ငြာစာ (၂/၂၀၁၅)ပါ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်။

(ထ) ကမ်းခြေဒီရေအတက်ဆုံးနေရာမှ မီတာ(၅၀)ခန့် အကွာအဝေးနှင့် (၁၀)မီတာထက် မပိုသော(၂)ထပ် အဆောက်အဦအစား(၁၀)မီတာအတွင်း(၃)ထပ်ဖြေလျော့တည်ဆောက်ခွင့်ပြုသည်။

(ဒ) ဟိုတယ်တစ်ခုနှင့် တစ်ခုအကြား အများပြည်သူအတွက် ကမ်းခြေဆင်းလမ်း များဖောက်လုပ်ထားရှိရမည်။

(ဓ) မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်များ မဖြစ်မနေ တပ်ဆင်ထားရှိရမည် ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ (Fire Safety Certificate) (သို့မဟုတ်) ယာယီခွင့်ပြုမိန့်ရယူရမည်။

(န) ဟိုတယ်/ တည်းခိုရိပ်သာရှိ အခန်းစုစုပေါင်း၏ (၂၀)ရာခိုင်နှုန်းနှင့် ညီမျှသော ကားရပ်နားရန်နေရာ မဖြစ်မနေပါဝင်ရမည်။